
**တပင်ရွှေထီး**

Scientific name - *Tridax procumbens* L.

Common name - Coat buttons

Family - Asteraceae






အပင်ပုံသဏ္ဌာန်

တစ်နှစ်ခံ သို့မဟုတ် နှစ်ရှည်ခံပင်ပျော့မျိုးဖြစ်ပြီး မြေမျက်နှာပြင်နားကပ်၍ပေါက်ပြီး အမွေးကြမ်းများပါရှိသည်။ အောက်ပိုင်းအဆစ်တို့မှ တစ်ခါတစ်ရံအမြစ်များထွက်သည်။ ရွက်ဆိုင် ထွက်သည်။ အရွက်အရင်းဘက်သည် ဘဲဥပုံရှိပြီး ထိပ်ဘက်သို့သွယ်၍ ချွန်သွားသည်။ ရွက်နားတစ်လျှောက် မညီညာသော တြိဂံပုံအသွားများရှိသည်။ ပန်းခိုင်မှာထိပ်ထွက် သို့မဟုတ် ကြားထွက်ပန်းခိုင်ဖြစ်သည်။ ပန်းပွင့်နှစ်မျိုး တွေ့ရသည်။ အဝါရောင် သို့မဟုတ် အဖြူရောင်လျှာပုံပန်းပွင့်ငယ်များသည် အပြင်ဘက်တွင်ရှိပြီး အဝိုက်သုံးခုပါရှိသည်။ အတွင်းရှိပြွန်ပုံပန်းပွင့်ငယ်များသည် အဝါရောင်ရှိသည်။ အစေ့သည် တစ်စေ့သီးဖြစ်၍ထောင့်ပါပြီး အညိုရင့်ရောင်မှ အနက်ရောင်ရှိသည်။ အစေ့အားဖြင့်မျိုးပွားသည်။